ပင်တော်ကျေးရွာ
ပင်တော်ကျေးရွာအုပ်စု၊ဆင်ဘိုမြို့
မြစ်ကြီးနားမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပင်တော်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ ၊ ၂၀၂၀

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၆

(ခ) မွေးမြူရေးလုပ်ငန်း ၇

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၇

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၇

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၈

(ခ) ကျေးရွာမီးလင်းရေး ၈

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၈

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၉

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၀

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၁၅

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၁၉


ဟင်တော်ကျေးရွာနယ်နမိတ်မြေပုံ




NGO (PSI) ၄ က်ပျား
ထိုက်ပျက်ရေးအပွဲ.
NGO (EI) အပွဲ.

၁။ တည်နေရာနှင့် ပထဝီအနေအထား

ပင်တော်ကျေးရွာသည် မြစ်ကြီးနားမြို့နယ်၊ ဆင်ဘိုမြို့ ပင်တော်ကျေးရွာအုပ်စု၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ကျေးရွာသည် မြစ်ကြီးနားမြို့မှ ဆင်ဘိုမြို့ထိ ရေလမ်း(၈၆)မိုင်၊ ဆင်ဘိုမြို့မှပင်တော်ကျေးရွာထိ ကုန်းလမ်း(၅)မိုင်အကွာတွင်တည်ရှိပါသည်။ မိုးတွင်းချိန်တွင် ချောင်းရေကြီး မှုများကြောင့် လှေဖြင့်ကူး၍သွားရသောရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ အသင့်အတင့်ရှိပြီး သဘာဝအရင်းအမြစ်များအနေဖြင့် ခါတ်ငွေ့၊ ရေနုံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။ကျောက်၊ သဲ၊ ကျောက်စရစ်များကို တောပင်လုံချောင်းအတွင်း မိုးတွင်းအချိန်မှလွဲ၍ ရရှိနိုင်သည်။ သဘာဝအပင်မျိုးစိတ်များ အနေဖြင့် တောသစ်ခွနှင့် ဆေးဘက်ဝင်အပင်များစွာထွက်ရှိသော်လည်း ထိရောက်စွာအသုံးချနိုင်ခြင်းမရှိကြပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် ဆတ်၊ ဂျီ၊ တောဝက်၊ ပြောင် စသည်တို့ကျန်ရှိနေသေးသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပင်တော်ကျေးရွာတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရှိပြီး ဘာသာရေးနှင့် သာရေး/နာရေး,လူမှုဖွံ့ဖြိုးရေးကို အခြေခံသော အဖွဲ့(၂)ဖွဲ့နှင့် သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး၊လုံခြုံရေး နှင့် ကာကွယ်ရေးကို အခြေခံသော အဖွဲ့(၁)ဖွဲ့၊ ပညာရေးကိုလုပ်ကိုင်သောအဖွဲ့(၁)ဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့(၁)ဖွဲ့တို့ ဖြစ်သည်။ ၎င်းအဖွဲ့များ၏ စွမ်းဆောင်နိုင်မှုသည် အသင့်အတင့်မျှသာရှိကြသည်။ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုသင်တန်းများ လိုအပ်သည်။

ပင်တော်ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနေဖြင့် PSI နှင့် EI အဖွဲ့အစည်း (၂) ခုရှိသည်။ PSI အဖွဲ့အစည်းမှာ ငှက်ဖျားတိုက်ဖျက်ရေးဖြစ်သော ဆေးစိမ် ခြင်ထောင်များဖြန့်ဝေခြင်း၊ ငှက်ဖျားစစ်ပေးခြင်း၊ ငှက်ဖျားဆေးထောက်ပံ့ပေးခြင်းစသည့် ကျန်းမာရေးကိစ္စရပ်များကိုပြုလုပ်ပါသည်။ EI အဖွဲ့အစည်းမှာ စိုက်ပျိုးရေး၊ မွေးမြူးရေးလုပ်ငန်းများပြုလုပ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် ၁၂.၅ကေအထက် တောင်သူကြီး (၆) အိမ်ထောင်စု၊ ၁၂.၅ကေနှင့် ၅ကေကြား တောင်သူလတ် (၄၉) အိမ်ထောင်စု နှင့် ၅ကေမှ၂.၅ကေကြား တောင်သူငယ် ၁၄၃ဦး နှင့် ၂.၅ကေအောက် ဆင်းရဲသားတောင်သူ ၄ ဦး နှင့် မြေယာမဲ့ ၂၆ ဦးရှိသည်။ အဓိကအားဖြင့် စပါးကိုသာစိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။

ပင်တော်ကျေးရွာတွင် မိုးတွင်းအချိန်၌ ချောင်းရေလွှဲဆည်မှ သွင်းရေကေ ၅၁၈ ဧကရှိပြီး ရာသီအလိုက်သာအသုံးပြုနိုင်သည်။ မိုးခေါင်သော ၊ မိုးနည်းသောနှစ်များတွင်လည်း လုံလောက်မှုမရှိပါ။ စပါးထွက်နှုန်းမှာ တစ်ဧကပျှမ်းမျှ (၅၀) တင်း ထွက်သည်။ အိမ်ခြံဝင်းအတွင်း ရာသီပေါ်သီးနှံများကို အနည်းအကျဉ်း စိုက်ပျိုးခြင်းသာရှိပြီးအခြားစိုက်ပျိုးသီးနှံများမရှိပါ။ ကျေးရွာတွင်းရှိ လယ်သမားများတွင်တစ်ဦးချင်းပိုင် လက်တွန်းတွန်းစက် ၂၃ စင်း၊ အစေ့ချကိရိယာ ၁ခု၊ ရိတ်သိမ်း စက် ၁ စင်း၊ ခြွေလှေ့စက် ၂ စင်း၊

ရေစုပ်စက် ၄ စင်းနှင့် မြက်ရိတ်စက် ၃၀ခုရှိပြီး ထွန်စက် ၄ားရမ်း အသုံးပြုပါက ထွန်/ထယ် ၁၈က ၅၀၀၀၀နှုန်း ပေးကြရသည်။ စပါးရိတ်ခနှင့် စပါးစိုက်ခမှာလည်း ၁၈က (၅၀၀၀၀) ကျပ်ပေးကြပါသည်။ ခြွေလှေ့စက်၄ားရမ်းခမှာလည်း စပါးတင်း ၁၀၀လျှင် ၄တင်းနှုန်း ပေးကြရသည်။ ကျွဲ/နွားဖြင့် ထွန်ယက်စိုက်ပျိုးသူ အနည်းငယ်ရှိသည်။

သီးနှံမျိုးစေ့များကို ဝယ်ယူရရှိနိုင်သော်လည်း မျိုးကောင်းမျိုးသန့်ကိုမရရှိနိုင်ကြပါ။ သဘာဝ မြေဆွေး /အော်ဂဲနစ်မြေဩဇာများရှိရရှိနိုင်သော်လည်း သုံးစွဲရန်အတွက်အသိပညာမရှိကြပါ။ နည်းပညာဝန်ဆောင်မှုများ လည်းမရှိပါ။ လုပ်သားရရှိနိုင်မှုလည်း အလွယ်တကူမရရှိပါ။ သီးနှံများကိုရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ သီးနှံဖျက်ပိုး အသင့်အတင့်ကျရောက်သည်။ ထိုကြောင့်သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မျိုးကောင်းမျိုးသန့်များထောက်ပံ့ခြင်းနှင့် စိုက်ပျိုးနည်းပညာသင်တန်းများ ပြုလုပ်ပေးမည်ဆိုပါက စိုက်ပျိုးရေးတွင် သီးနှံအထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များရရှိလာနိုင်ပါမည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပင်တော်ကျေးရွာတွင် ကျွဲ မွေးသောအိမ်ထောင်စု (၆၉) အိမ်ရှိပြီး ၃၇၈ ကောင် ရှိသည်။ ဝက်ကို ၅၉ အိမ်မှ ၈၉ ကောင်၊ ကြက်ကို (၈၅) အိမ်ထောင်စုမှ ၅၂၉ကောင်နှင့် ဘဲကို ၁အိမ်မှ ၅ကောင်သာ မွေးမြူကြသည်။မွေးမြူရေးကိုစီးပွားဖြစ်လုပ်ကိုင်သောအိမ်ထောင်စုများမရှိပဲတစ်နိုင် တစ်ပိုင်သာလုပ်ကိုင်ကြသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ပင်တော်ကျေးရွာတွင် သစ်ခွရှာခြင်း၊ ထင်းခုတ်၊ မီးသွေးဖုတ်ခြင်း လုပ်ငန်းများလုပ်ကိုင်ကြသည်။ စျေးကွက်အသင့်အတင့်ရှိပြီးစျေးကွက်အသင့်အတင့်နားလည်ကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး ချေးငွေရရှိနိုင်သည်။ နည်းပညာနှင့် အသေးစား /အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့် လိုက်လျောညီထွေသော အတတ်ပညာများကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိခြင်းတို့ကြောင့်လုပ်သားအင်အားရှားပါးသည်။လျှပ်စစ်မီးလုံးဝရရှိခြင်းမရှိပါ။ အလုပ်အကိုင်အခွင့်အလမ်းများလည်းနည်းပါးသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ဖွင့်လှစ် ပေးရန်လိုအပ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပင်တော်ကျေးရွာတွင်ငွေကြေးလက်လှမ်းမီမှုအနေဖြင့် စိုက်ဘဏ်ချေးငွေနှင့် သမဝါယမချေးငွေရှိပြီး ကာလတိုချေးငွေဖြစ်သည်။ မြစိမ်းရောင်ချေးငွေမှာ ကာလလတ်ချေးငွေဖြစ်သည်။ အရေးပေါ်ငွေလိုအပ်ပါက ဆွေမျိုးများထံတွင်ချေးယူနိုင်ပြီး တစ်ချို့အတိုးပေးကြရပြီး တစ်ချို့အတိုးမပေးကြရပါ။ ကာလတို/ ကာလလတ်ချေးငွေများသာဖြစ်သောကြောင့် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများရရှိလိုကြသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး ၁၀ စင်း၊ မော်တော်ဆိုင်ကယ် ၇၅ စီး၊ ထော်လာကျီ ၆ စီး၊ ကား ၂ စီးနှင့် နွားလှည်း ၄၀ စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်မျိုးစုံရှိပြီး ဆိုင်ကယ်ကိုအများဆုံး အသုံးပြုနေကြရသော်လည်း လမ်းများမကောင်းပါ။ ဆင်ဘိုမြို့အထိ ရေလမ်းခရီးသာရှိသောကြောင့် အချိန်မရွေးအရေးပေါ်သွားလာရန်လိုအပ်ပါကအခက်အခဲရှိသည်။ခရိုင်ချင်းဆက်လမ်းသာကောင်းမွန်ပါက အချိန်မရွေးသွားလာနိုင်မည်ဖြစ်သည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းချိန်တွင် သွားလာရခက်ခဲပြီး သွားလာရ အဆင်မပြေမှုများရှိသည်။ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်သောကြောင့် ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်သည်။ ထို့ကြောင့် ရွာတွင်းလမ်းအဆင့်မြှင့်တင်ရန် တင်ပြကြသည်။

ကျေးရွာတွင် တံတားအသုံးပြုမှုအနေဖြင့် သစ်သားတံတား(၁)စင်းရှိပြီး ပျက်စီးနေပြီဖြစ်ပါသည်။ ထို့ကြောင့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရန် အထူးလိုအပ်သည်။

(ခ) ကျေးရွာမီးလင်းရေး

ပင်တော်ကျေးရွာတွင် လျှပ်စစ်မီးမရသေးသောကြောင့် ဆိုလာမီးကိုသာ အသုံးပြုနေကြရပြီး အိမ်တိုင်းစေ့ဆိုလာသုံးစွဲနိုင်ကြသည်။ အိမ်ထောင်စုရှိပြီးရာသီဥတုမကောင်းပါကအားမပြည့်ပါ။ စာကြည့်မီး အတွက်သာသုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုမရနိုင်သောကြောင့် အခက်အခဲများရှိသည်။ဒီဇယ်သုံးအင်ဂျင် (၁)လုံးရှိပြီး လုပ်ငန်းသုံးသာသုံးစွဲသည်။(၂၄) နာရီ လျှပ်စစ်မီးရရှိ လိုကြသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ ရေဒီယို၊ တီဗွီ နှင့် ဂြိုလ်တုစလောင်း စသည်တို့မှရရှိပါသည်။ သို့သော်ဖုန်းလိုင်းများမကောင်းပါ။ ထို့ကြောင့်ဆက်သွယ်ရေးတာဝါတိုင်များ တိုးချဲ့ပေးစေလိုသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းလွန်ကျောင်းအဆင့်ထိသာ ပညာသင်ကြားနိုင်သည်။ အလယ်တန်းကို တောပင်လုံကျေးရွာတွင် တက်ကြရပြီး မိုးတွင်းချိန်တွင် ချောင်းရေကျော်ခြင်းကြောင့် သွားလာရခက်ခဲသည်။ အထက်တန်းကိုဆင်ဘိုမြို့တွင်တက်ကြရပြီးပိုက်ဆံတတ်နိုင်သူများသည် ဆင်ဘိုမြို့၊ မြစ်ကြီးနား၊ ဗန်းမော်မြို့ရှိအဆောင်များတွင် တက်ကြသည်။ ကျေးရွာတွင် မူလတန်းလွန်အဆင့်သာရှိပြီး ကျောင်းဆောင် (၂) ဆောင် ရှိပြီး အမိုး၊ နံရံ၊ အခင်းအရည်အသွေးကောင်းမွန်သည်။ထို့ပြင် ကျောင်းသုံးပရိဘောဂများလည်းလုံလောက်မှုရှိကာ ကျောင်းအိမ်သာအခြေအနေမှလည်းကောင်းမွန်သည်။ ကျောင်းအဟာရတိုက်ကျွေးမှု လည်းရှိသည်။ ကျောင်းဆရာ/မဦးရေစုစုပေါင်း ၈ ဦးပြီး ကျား (၂)ဦး ၊ မ (၆)ဦး ရှိသည်။ ကျေးရွာခန့်မ(၂)ဦးလည်းရှိသည်။ ကျောင်းဟောခန်းမရှိသောကြောင့် ကျောင်းသူကျောင်းသားများ အား စုဝေးရန် ခက်ခဲသောကြောင့် ကျောင်းဟောခန်းဆောက်လုပ်လိုကြသည်။

ကျေးရွာတွင် စာမတတ်သည့်လူဦးရေအများစုမှာသက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့်စာတတ်မြောက်သည့် လူဦးရေမှာ(၅၉.၄၂)ရာခိုင်နှုန်းအထိများပြားခြင်း နှင့် အလယ်တန်းအတင့်စာတတ်မြောက်သည့် လူဦးရေမှာ (၂၃.၃၂) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် တတ်မြောက်သူ (၇.၄)

ရာခိုင်နှုန်း နှင့် တက္ကသိုလ်အဆင့်ထိစာတတ်မြောက်သူ (၃.၄) ရာခိုင်နှုန်း ရှိသဖြင့် ကျေးရွာ၏ လူဦးရေ ရာခိုင်နှုန်းထက်ဝက်ကျော်မကစာတတ်မြောက်ကြသဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ်ကောင်းများဖြစ်စေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကာကွယ်ဆေးများကိုမပျက်မကွက် ပုံမှန်ထိုးပေးလေ့ရှိသော်လည်း အဆုတ်ရောဂါ ကာကွယ်ဆေးထိုးခြင်းမရှိပါ။ ကျေးလက်ကျန်းမာရေးဌာနခွဲမရှိ ၁မိုင်ကျော်ဝေးသောတောပင်လုံကျေးရွာသို့ သွားကြရသည်။ မိုးတွင်းအချိန်တွင် ချောင်းရေကျော်မှုများဖြစ်ပွားသောကြောင့် သွားလာရန်ခက်ခဲသည်။ ထို့ကြောင့် ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ပေးရန်နှင့် ဆရာမများချထား ပေးရန်တင်ပြကြသည်။ တိုက်နယ်ဆေးရုံမှာ ဆင်ဘိုမြို့သို့သွားရပြီး (၅) မိုင်ကျော်ရှိသည်။ အရေးပေါ်အခြေအနေများဖြစ်ပါက မြို့နယ်ဆေးရုံများသို့ ရေလမ်းခရီးဖြင့်သာသွားကြရသဖြင့်ခက်ခဲသည်။ ကျေးရွာတွင်ဆေးဆိုင်သီးသန့်မရှိပါ ကုန်စုံဆိုင်များတွင်သာ အနည်းငယ်ရောင်းချကြသည်။ အဖြစ်များသော ရောဂါများမရှိသော်လည်း ဝမ်းပျက်ဝမ်းလျှောဂ၊ ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး ဖြစ်သူများ အနည်းအကျဉ်းရှိသောကြောင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်သည်။

အများပိုင်ရေတွင်း(၁၁)တွင်းရှိပြီး (၃)တွင်းမှာ ပျက်စီးပြီးအသုံးပြု၍မရနိုင်ပါ။ ကျန်ရေတွင်း(၈)တွင်းတွင်ခပ်ယူသုံးစွဲကြသည်။ တုံကင်(၂၅)ခုရှိပြီး အနီးရှိအိမ်ထောင်စုများမှ ခပ်ယူသုံးစွဲကြသည်။ မိုးနှင့်ဆောင်းချိန်တွင်ရေလုံလောက်မှုရှိသော်လည်းနွေရာသီတွင်ရေခမ်းမှု ဖြစ်ပေါ်တတ်သည်။ ချောင်းရေသုံးစွဲသောအိမ်ထောင်စု (၃)စုရှိသည်။ ရေအရည်အသွေးစစ်ဆေးထားခြင်းလည်းမရှိပါ။

သန့်ရှင်းသောယင်လုံအိမ်သာအနေဖြင့် ရေလောင်းယင်လုံအိမ်သာကို ၉၉ အိမ်ထောင်စုစလုံးသုံးစွဲကြပါသည်။သန့်ရှင်းမှုလည်း စနစ်တကျ သုံးစွဲကြသည်ကို တွေ့ရှိကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လူငယ်များသည် မူးယစ်ဝါးအန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ဆင်းရဲသားတောင်သူများနှင့်လက်လုပ်လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများအသင့်အတင့်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် အရေးပေါ်အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအနေဖြင့်ဓါတ်မြေဩဇာစနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် မြေဆီဩဇာအန္တရာယ်ရှိမှုမြင့်သည်။ သစ်ခွနှင့်သဘာဝပေါက်ပင်များ အလွန်အကျွံခုူးယူရောင်းခြင်းကြောင့် အပင်မျိုးစိတ်များ အန္တရာယ်ရှိမှုမြင့်သည်။ စွန့်ပစ်ပစ္စည်းများစနစ်တကျ စွန့်ပစ်ခြင်းမရှိခြင်းကြောင့်အန္တရာယ်ရှိမှုမြင့်သည်။ အခြားတိရစ္ဆာန်မျိုးကွဲများအနေဖြင့်လည်းထိန်းသိမ်းမှု အားနည်းပြီး စည်းကမ်းမဲ့ဖမ်းယူစားသောက်ခြင်း၊ ရောင်းချခြင်းများကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ဘဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းနည်း ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်သည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ပင်တော်ကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်းကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ လွန်ခဲ့သောနှစ်အတွင်း

အမျိုးသမီးများအား အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများမရှိပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ အတွက်ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်ဟောပြောပွဲများပြုလုပ်လေ့ရှိသောကြောင့်အသိ အမြင် ရှိသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (ပင်တော်ကျေးရွာ)

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးမှု စီမံကိန်း	၁။ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း	၁၀
၂	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံ ကိန်း	၂။ ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ပေးရန် နှင့် ဆရာမ ချထားပေးခြင်း ၃။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ် ပေးခြင်း	၂
၃	လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း	၄။ ရွာတွင်းတံတားဆောက်လုပ်ခြင်း ၅။ ရွာချင်းဆက်လမ်းများဖောက်လုပ်ခြင်း ၆။ ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း ၇။ ခရိုင်ချင်းဆက်လမ်းပြုပြင်ခြင်း ၈။ ဆက်သွယ်ရေးတာဝါတိုင်များတိုးချဲ့ပေးခြင်း	၁
၄	စိုက်ပျိုးရေးဖွံ့ဖြိုးမှုစီမံကိန်း	၉။ မျိုးကောင်း/မျိုးသန့်များထောက်ပံ့ပေးခြင်း (စပါး/ပြောင်း/ပဲ/နှမ်း) ၁၀။ ဘက်စုံစိုက်ပျိုးရေးသင်တန်းများ	၄
၅	စိုက်/မွေးမဟုတ်သောအသက်မွေးဝမ်းကျောင်း နည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁၁။ ဒေသနှင့်ကိုက်ညီသောအသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရန်	၅

၆	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁၂။မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲ ၁၃။အားကစားကွင်းဆောက်လုပ်ပေးခြင်းနှင့်အားကစားပစ္စည်းများပံ့ပိုးပေးခြင်း	၃
၇	လျှပ်စစ်မီးရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း	၁၄။ လျှပ်စစ်မီးရရှိရန်	၁၁
၈	ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁၅။ အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေများရရှိရန်	၇
၉	သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးမှုစီမံကိန်း	၁၆။ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးအသိပညာပေးနှိုးဆော်ဆောင်ရွက်ရန်	၉
၁၀	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁၇။ စာသင်ကျောင်းခန်းမဆောင်တည်ဆောက်ခြင်း ၁၈။ ဆရာ/ဆရာမများလုံလောက်စွာချထားပေးရန်	၈
၁၁	လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံကိန်း	၁၉။ မူးယစ်ဆေးဝါးရောင်းဝယ်သူများအားဥပဒေအရတင်းကြပ်စွာအရေးယူရန်	၆

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား) (ပင်တော်ကျေးရွာ)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၄	၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇	၆	၁၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈	၂၃	၄၁
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၂	၃၃	၇၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၂	၁၅၇	၃၁၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၆	၁၂	၁၈
စုစုပေါင်း		၂၃၉	၂၃၅	၄၇၄
စုစုပေါင်းအိမ်ထောင်စု		၉၉		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာသည် အိမ်ထောင်စု (၉၉)စု၊ လူဦးရေ (၄၇၄)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သော နို့စို့အရွယ်တစ်နှစ်အောက်ကလေး (၈)ဦး (၁.၆၉%) ၊ ငါးနှစ်အောက် ကလေးအရွယ် (၁၃) ဦး(၂.၇၄%)၊ မူလတန်းကျောင်းသားအရွယ် (၄၁) ဦး (၈.၆၅%) ၊ အလယ်တန်း ကျောင်းသားအရွယ် (၇၅)ဦး (၁၅.၈၂%) ၊ အလုပ်လုပ်နိုင်သည့်အရွယ် (၃၁၉)ဦး (၆၇.၃)% နှင့် သက်ကြီး ရွယ်ကြီး(၁၈)ဦး (၃.၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၂.၇%) ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၈) ဦးနှုန်းရှိသောကြောင့် မြန်မာနိုင်ငံ၏ ကျေးလက်အိမ်ထောင်စု တစ်အိမ်ထောင်စံနှုန်း(၅)ဦးနှုန်းထက် အနည်းငယ်နည်းနေပါသည်။ ကျေးရွာ အတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားသောကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက် အကူဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၄	၁၂၃	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂	-	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	၅	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	၂	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း	၃၂	၆၄	၂	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	/ ရာသီအလိုက် အလုပ်သမား				
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၉၉	၁၉၁	၁၄	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ အခြားအသက်မွေးဝမ်းကျောင်းမှာ ကျပန်း၊ ကားမောင်းခြင်း၊ ၊လက်သမား၊ စက်ပြင်၊ ဈေးရောင်းနှင့် ဝန်ထမ်းအချို့ရှိသည်။ အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ် လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေ့စားဝင်ငွေရလုပ်ငန်း ၁ မျိုးသာရှိသည်ကို တွေ့ရသည်။ ၄င်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသာဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးများလုပ်အားခတန်းတူရရှိကြသည်။ ပြောင်းခုတ်/ပဲနုတ်များလုပ်ကိုင်ကြသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၁၈	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၅	ကောင်း ☐	သင့်☒	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ဥယျာဉ်ခြံမြေ	၆	ကောင်း ☐	သင့်☒	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၂	ကောင်း ☐	သင့်☐	ညံ့ ☒
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်မြေက ၅၁၈၈ကရှိပြီးမြေဆီလွှာအရည်အသွေးအသင့်အတင့် ရှိသောကြောင့် စပါးအထွက်နှုန်းအသင့်အတင့်ကောင်းမွန်သည်။ ယာမြေ/တောင်ယာမြေက ၁၅၈က ၊ ဥယျာဉ်ခြံမြေ ၆၈ကရှိပြီးမြေဆီလွှာအရည်အသွေးအသင့်တင့်ရှိသည်။ စားကျက်မြေ၂၈ကရှိပြီးမြေဆီလွှာ အရည်အသွေးညံ့သည်။ ကျေးရွာတွင်မြေယာပိုင်ဆိုင်မှုနည်းပါးကြသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် နည်း မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☒ သင့်☐ နည်း ☐ မရှိ☐	လွယ်☒ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☒ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☒ နည်း☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး

ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနုံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။ကျောက်၊ သဲ၊ ကျောက်စရစ်များကို တောပင်လုံ ချောင်းအတွင်း မိုးတွင်းအချိန်မှလွဲ၍ ရရှိနိုင်သည်။ သဘာဝအပင်မျိုးစိတ်များ အနေဖြင့် တောသစ်ခွနှင့် ဆေးဘက်ဝင်အပင်များစွာထွက်ရှိသော်လည်း ထိရောက်စွာအသုံးချနိုင်ခြင်းမရှိကြပါ။ သဘာဝတိရစ္ဆာန် မျိုးစိတ်များအနေဖြင့် ဆတ်၊ ဂျီ၊ တောဝက်၊ ပြောင် စသည်တို့ကျန်ရှိနေသေးသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂ကေအထက်	၁၂ကေမှ၈ကေကြား	၈ကေအောက်	မြေယာမဲ့
အိမ်အခြေအနေ	သွပ်မိုး၊ ပျဉ်ထောင်၊ အုတ်ညှပ်	သွပ်မိုး၊ထရံကာ၊ မြေစိုက်	သွပ်မိုး၊ ထရံကာ၊ မြေစိုက်၊သွပ်မိုး	သက်ကယ်မိုး၊ ထရံကာ၊ မြေစိုက်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ခြေလှေ့စက်၊ရေစုပ်စက်၊ မြက်ရိတ်စက်	လက်တွန်းထွန်စက်၊ မြက်ရိတ်စက်၊ ကျွဲ၊ ဆိုင်ကယ်	ကျွဲ၊ဆိုင်ကယ်	-
အဓိကစီးပွားရေးလုပ်ငန်း	ကုန်စုံဆိုင်၊တောင်သူကြီး	စျေးရောင်း၊တောင်သူလတ်	တောင်သူငယ်၊ ကျပန်း	ကျပန်း
အိမ်ထောင်စု (၂၀၉)	၉	၁၇	၆၄	၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ပင်တော်ကျေးရွာတွင် အိမ်ထောင်စု (၉၉)စု ရှိပြီး အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ (၂၆.၂၆) ရာခိုင်နှုန်းသာရှိသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် သစ်ခွရှာ ၊ ပျားရည်ရှာစသည့် ကျပန်း အလုပ်များလုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှ ကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၅

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အဆင့်(၃) နှင့် အဆင့် (၄) အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူမှုအရ အခြားအစာပြောင်းလဲစားသောအိမ်ထောင်စုများ၊ အစာလျှော့စားသော အိမ်ထောင်စုများ၊ အထောက်အပံ့ယူသောအိမ်ထောင်စုများမရှိပါ။ ချေးယူသော အိမ်ထောင်စု (၁၀) စု ၊လုပ်အားခကြိုယူသော အိမ်ထောင်စု (၅) စုနှင့် ဈေးဆိုင် ၊ ကုန်စုံဆိုင်များတွင် အဟောင်းပေးအသစ်ယူစားသုံးသောအိမ်ထောင်စု (၇) စုခန့်တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက်	-	၁	-

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို မ (၁)ဦးရှိပါသည်။ မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိပါ ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု၊အမျိုးသားဦးဆောင်သည့်အိမ်ထောင်စုများနှင့်အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စုများမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင် မိုးစပါးသာအဓိကစိုက်ပျိုးသောကြောင့် မိုးများသည့် ကာလများတွင် မြစ်ရေနှင့် ချောင်းရေများတက်လာပြီး လယ်များတွင်ရေမြုပ်မှုများဖြစ်ပွားသောကြောင့် စပါးပျက်စီးမှုများအနည်းငယ်ရှိပါသည်။ လေးငါးနှစ်တစ်ခါ ရေကြီးမှုများဖြစ်တတ်ခြင်း၊ မိုးခေါင်ခြင်း၊ တစ်ခါတစ်ရံလေပြင်းများတိုက်ခတ်ခြင်းတို့ဖြစ်တတ်သောကြောင့် ထိခိုက်လွယ်မှုနိမ့်ဖြစ်သည်။ငလျင်နှင့် မီးဘေးသည် ဖြစ်ပွားမှုမရှိသေးပါ။ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုကူးစက်ရောဂါများကြောင့်လည်း ထိခိုက်လွယ်မှုနိမ့်ပြီး တိရစ္ဆာန်မွေးမြူသူနည်းပါးသောကြောင့်လည်း ကူးစက်မှုရောဂါဖြစ်ပွား မှုနိမ့်သည်။

တရားမဝင်သစ်များ ထုတ်လုပ်ခြင်းများရှိသောကြောင့် သစ်တောပြုန်းတီးမှုမှာ လတ်ဖြစ်သည်။ ပြည်တွင်းပဋိပက္ခမှာကျေးရွာအတွင်းဖြစ်ပွားမှုမရှိသော်လည်း ကျေးရွာအနီးတွင်ယခင်နှစ်များကဖြစ်ပေါ်လေ့ရှိကြသည်။ ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် ထိခိုက်လွယ်မှုမြင့်သည်။ ကျန်ထိခိုက်လွယ် မှုများမရှိပါ။

(ဃ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၈) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၃	ဆင်းရဲသားတောင်သူ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် မူးယစ်ဆေးဝါးအန္တရာယ်အချိန်မရွေး ကျရောက်နိုင်သောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ဆင်းရဲသား တောင်သူများ နှင့် လက်လုပ်လက်စား ကျပန်းများ လုပ်ကိုင်သည့်အိမ်ထောင်စုများအသင့်အတင့်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် အရေးပေါ်အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

ကားမောင်းပြီးအသက်မွေးဝမ်းကြောင်းပြုသူများ အနည်းငယ်ရှိပြီး ၎င်းတို့မှာထိခိုက်လွယ်မှု နိမ့်သည်။

ကျန်ထိခိုက်သက်ရောက်မှုခံနိုင်သည့်သူများ ထိခိုက်လွယ်မှုမရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	မီးသတ်	၁☐ ၂☒ ၃☐	၈	-	၈	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း☒ သင့် ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ညံ့ ☐
၂	ရပ်မိ/ရပ်ဖ	၁☐ ၂☒ ၃☐	၁၄	-	၁၄	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၃	လူငယ်	၁☐ ၂☒ ၃☐	၃၄	၁၄	၄၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၄	ပေါ်ခိန်/မယ်ခိန်	၁☐ ၂☒ ၃☐	၈၀	၉၁	၁၇၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၅	ကျောင်းအကျိုးတော်ဆောင်	၁☐ ၂☒ ၃☐	၄	၅	၉	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရှိပြီး ဘာသာရေးနှင့် သာရေး/နာရေး,လူမှုဖွံ့ဖြိုးရေးကိုအခြေခံသော အဖွဲ့(၂)ဖွဲ့နှင့် သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး၊လုံခြုံရေး နှင့် ကာကွယ်ရေးကို အခြေခံသော အဖွဲ့(၁)ဖွဲ့၊ ပညာရေးကိုလုပ်ကိုင်သောအဖွဲ့(၁)ဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့(၁)ဖွဲ့တို့

ဖြစ်သည်။ ၎င်းအဖွဲ့များ၏ စွမ်းဆောင်နိုင်မှုသည် အသင့်အတင့်မျှသာရှိကြသည်။ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုသင်တန်းများ လိုအပ်သည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	PSI	၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	EI	၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☒ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနေဖြင့် PSI နှင့် EI အဖွဲ့အစည်း (၂) ခုရှိသည်။ PSI အဖွဲ့အစည်းမှာ ငှက်ဖျားတိုက်ဖျက်ရေးဖြစ်သော ဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း၊ ငှက်ဖျားစစ်ပေးခြင်း၊ ငှက်ဖျားဆေးထောက်ပံ့ပေးခြင်း စသည့် ကျန်းမာရေးကိစ္စရပ်များကိုပြုလုပ်ပါသည်။ EI အဖွဲ့အစည်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပြုလုပ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၉	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၉၉	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ပင်တော်ကျေးရွာတွင် အိမ်ခြေ (၉၉) ရှိသည့်အနက် မြေယာမဲ့ ၂၆ အိမ်၊ ဆင်းရဲသားတောင်သူ ၄ အိမ်၊တောင်သူငယ် ၁၄ အိမ်၊ တောင်သူလတ် ၄၉ အိမ်နှင့်တောင်သူကြီး ၆ အိမ်ရှိသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်	၅၁၈	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☒ မဖြေဆိုပါ☐	ရှိ☐ မရှိ☒ မဖြေဆိုပါ ☐
၃	မြစ်ရေတင်		တစ်နှစ်ပတ်လုံး☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
	စီမံကိန်း		ရာသီအလိုက်☐ မဖြေဆိုပါ☒	
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☒	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☒	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☒	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☒	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☒	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင် မိုးတွင်းအချိန်၌ ချောင်းရေလွှဲဆည်မှ သွင်းရေကေ ၅၁၈ ဧကရှိပြီး ရာသီအလိုက်သာအသုံးပြုနိုင်သည် ။ မိုးခေါင်သော ၊ မိုးနည်းသော နှစ်များတွင်လည်း လုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်းစိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၅၁၈	တင်း	၅၀	၇၀	၅၀	၆	၁၀	မြင့်☒ လတ်☐ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးသာဖြစ်ပြီး စိုက်ဧကပေါင်း (၅၁၈) ဧကရှိပြီးဇွန်လတွင်စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလတွင်ရိတ်သိမ်းကြသည်။အနည်းဆုံးထွက်နှုန်းမှာ တစ်ဧက တင်း ၅၀ မှ အများဆုံး တင်း ၇၀ နှင့် ပျမ်းမျှ ၅၀တင်းနှုန်း ထွက်သည်။ သွင်းအားစုလိုအပ်ချက်မြင့်ပြီး အမြတ်ရရှိမှုလတ်ဖြစ်သည်။ စပါးစိုက်ပျိုးရာတွင်လည်း မြေဆီ မကောင်း၍ဓါတ်မြေဩဇာကိုစိုက်ပျိုးချိန်မှရိတ်သိမ်းချိန်ထိဧကလျှင်၂အိတ်မှ၃အိတ်နှုန်းသုံးစွဲကြသည်။အိမ်ခြံဝင်းအတွင်း ရာသီပေါ်သီးနှံများကို အနည်းအကျဉ်းစိုက်ပျိုးခြင်းသာရှိပြီး အခြားစိုက်ပျိုးသီးနှံများမရှိပါ။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	-			
လက်တွန်းထွန်စက်	၂၃			၆၀%
အစေ့ချ ကိရိယာ	၁			၁၀%
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်	၁			၄၀%
ခြွေလှေ့စက်	၂			၁၀၀%
ရေစုပ်စက်	၄			၅%
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၃၀			၁၀%

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာသုံးစက်ကရိယာအနေဖြင့် တစ်ဦးချင်းပိုင်ဆိုင်ကြပြီး လက်တွန်းထွန်စက် (၂၃)စင်း၊ အစေ့ချကိရိယာ ၁ခု၊ ရိတ်သိမ်းစက် ၁ခု၊ ခြွေလှေ့စက် ၂ ခု၊ ရေစုပ်စက် ၄ ခု နှင့်မြက်ရိတ်စက်၃၀ခုရှိပါသည်။ ငှားရမ်းခအနေဖြင့်လယ်(၁)ဧကထွန်/ ထယ်အပြီး ၅၀၀၀၀ကျပ်ပေးကြရပြီး စပါးစိုက်ခနှင့် စပါးရိတ်ခမှာလည်း (၁) ဧက ၅၀၀၀၀ ကျပ်ပေးရသည်။ ခြွေလှေ့စက်ငှားရမ်းခမှာလည်း စပါးတင်း (၁၀၀)လျှင် ၄ တင်းနှုန်းပေး ကြရသည်။ ကျွဲဖြင့်ထွန်ကြသူများ လည်းရှိသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☒ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☒ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☒ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☒ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☒ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☒
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☒
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ရာသီဥတုသင့်တင့်မျှတပြီး လယ်ယာမြေအသုံးချနိုင်မှုမှာလည်း အသင့်အတင့်သာဖြစ်သည်။ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ချေးငွေဝန်ဆောင်မှုများလည်းရသည်။ သီးနှံမျိုးစေ့များကိုဝယ်ယူရရှိနိုင်သည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများကိုလည်းဝယ်ယူရရှိနိုင် သည်။ ချေးငွေအသင့်အတင့်ရရှိသည်။ လုပ်သားရရှိနိုင်သည်။ သီးနှံများကိုရောင်းချနိုင်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☒
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
	လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☒
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☒
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☒ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချ နိုင်ပါ ☒ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☒ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးအရင်းအမြစ်မရှိကြပါ။ မိုးရေကိုသာအဓိကထားစိုက်ပျိုးကြရသည်။ သီးနှံမျိုးစေ့များကို ဝယ်ယူရရှိနိုင်သော်လည်း မျိုးကောင်းမျိုးသန့်ကိုမရရှိနိုင်ကြပါ။ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာများရှိရရှိနိုင်သော်လည်း သုံးစွဲရန်အတွက်အသိပညာမရှိကြပါ။ နည်းပညာဝန်ဆောင်မှုများ လည်းမရှိပါ။ လုပ်သားရရှိနိုင်မှုလည်း အလွယ်တကူမရရှိပါ။ သီးနှံများကိုရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ သီးနှံဖျက်ပိုး အသင့်အတင့်ကျရောက်သည်။ ထိုကြောင့် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ခြင်းနှင့် စိုက်ပျိုးနည်းပညာ သင်တန်းများပြုလုပ်ပေးမည်ဆိုပါက စိုက်ပျိုးရေးတွင် သီးနှံအထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များရရှိလာနိုင်ပါမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ	၆၉	၃၇၈
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၅၉	၈၉
ကြက်	၈၅	၅၂၉
ဘဲ	၁	၅
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ **ပင်တော်**ကျေးရွာတွင် ကျွဲ မွေးသောအိမ်ထောင်စု (၆၉) အိမ်ရှိပြီး ၃၇၈ ကောင် ရှိသည်။ ဝက်ကို ၅၉ အိမ်မှ ၈၉ ကောင်၊ ကြက်ကို (၈၅) အိမ်ထောင်စုမှ ၅၂၉ကောင်နှင့် ဘဲကို ၁အိမ်မှ၅ကောင်သာမွေးမြူကြသည်။ မွေးမြူရေးကိုစီးပွားဖြစ်လုပ်ကိုင်သောအိမ်ထောင်စုများမရှိပဲတစ်နိုင်တစ်ပိုင်သာလုပ်ကိုင်ကြသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☒ မဖြေဆိုပါ ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☒ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☒ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☒ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☒ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☒
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☒ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☒
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☒
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☒
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☒
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☒
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☒ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းကောင်းများအနေဖြင့် စားကျက်နှင့်ရေရရှိမှုအသင့်အတင့်ရှိသည်။ မျိုးတိရစ္ဆာန်လက်လမ်းမီမှုတွင် အသင့်အတင့်ဝယ်ယူနိုင်သည်။ ချေးငွေအသင့်အတင့်ရရှိနိုင်သည်။ မွေးမြူရေးအစာနှင့်ဆေးစသည့်သွင်းအားစုများကို ဝယ်ယူရရှိနိုင်ပါသည်။ မွေးမြူရေးထုတ်ကုန်များကိုလည်းရောင်းချနိုင်သည်။ အိမ်တိုင်းတွင်လည်းမွေးမြူရန်မြေနေရာ အသင့်အတင့်ရှိသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**စားကျက်မြေ ရှားပါးသည် ☒ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐**
ရေရရှိမှု	**ရေ ရှားပါးသည်☒ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ☐**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☒** **မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☐**
ချေးငွေ	**ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☒ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐**
သွင်းအားစု (**မွေးမြူရေး အစာ၊ ဆေး စသည်**) ဈေးကွက်	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☒** **သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐**
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	**နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☐** **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☒**
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☒** **ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ ☒**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	**ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☒**
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☒**
ချေးငွေ	**လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐ မဖြေဆိုပါ ☒**

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သွင်းအားစု လက်လှမ်းမီမှု	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ** ☐ **သွင်းအားစုများ ဝယ်ယူမရပါ** ☐ **မဖြေဆိုပါ** ☒
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ** ☐ **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ**☐ **မဖြေဆိုပါ** ☒
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ** ☐ **ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ** ☐ **မဖြေဆိုပါ** ☒
ငါးဖမ်းခွင့် ရရှိနိုင်မှု	**မလွယ်ကူပါ** ☐ **မဖြေဆိုပါ** ☒

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပင်တော်ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန် အတွက်ပြဿနာနှင့်စိန်ခေါ်မှုများမှာ စားကျက်အသင့်အတင့်ရှိသော်လည်း ချဲ့ထွင်နိုင်ခြင်းမရှိသော ကြောင့် စားကျက်မြေရှားပါးသည်။ ရေအသင့်အတင့်ရှိသော်လည်း ရေအလုံအလောက်မရရှိနိုင်ခြင်း အတွက်လည်း ရေရှားပါးသည်။ မျိုးကောင်းမျိုးသန့် လွယ်ကူစွာဝယ်ယူမရနိုင်ပါ။ မွေးမြူရေးတိုးမြှင့်ရန် ချေးငွေရှိသော်လည်းလွယ်ကူစွာချေးယူနိုင်ခြင်းမရှိ။သွင်းအားစုများဝယ်ယူနိုင်သော်လည်း မြို့နှင့်အလှမ်း ဝေး၍ လွယ်ကူစွာဝယ်ယူနိုင်ခြင်းမရှိပါ။ နည်းပညာဝန်ဆောင်မှုများလည်းမရှိကြပါ။ ထုတ်ကုန်များကို လည်း စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ။ စီးပွားဖြစ်မွေးမြူပါက အိမ်ခြံဝင်းအတွင်း မြေနေရာအလုံ အလောက်မရှိပါ။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

